**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ။**

**[၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေအမှတ် ၄။]**

**၁၃၁၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။**

**(၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာ သည်။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ ကရင်ပြည်နယ်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏ အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၉၉,၇၄,၁၀၀ (ဤအက်ဥပဒေဇယားတွင် ဖော်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲ နိုင်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။

(၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတကြီး၏အတွင်းဝန်။

[အမှတ် ၇၁]

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား။ (ပုဒ်မ ၁ ကိုကြည့်။)